၁၉၇၅-ခုနှစ်၊ (၂၈) နှစ်မြောက်

# ပြည်ထောင်စုနေ့-အခမ်းအနားတွင်



မွန်ပြည်နယ်မှ တင်ဆက်သည်။

## ✱ မွန်ရိုးရာ ယဉ်ကျေးမှု ယိမ်းအက ✱

၁။ **အမည်။** လှော်ကွိုင်မှ္ဂိ (အောင်ပွဲတော်ခံအက)

၂။ **နောက်ခံသမိုင်း။** ရှေးခေတ်မြန်မာသမိုင်းကို လေ့လာလျှင် ပဒေသရာဇ်တို့ အာဏာပိုင်စိုးရေးနှင့်ပိုင်နက်ကျယ်ပြန့်ရေးအတွက် မြန်မာ,မြန်မာချင်း၊ မွန်,မွန်ချင်း ယှဉ်ပြိုင်အနိုင်လုကြသည့်ပြင်၊ မွန်နှင့်မြန်မာ၊ မြန်မာနှင့်ရခိုင်၊ ရခိုင်နှင့်မွန်စသည်ဖြင့် ပဒေသရာဇ်တို့ခစားရာလိုက်၍၊ တိုင်းရင်းသား အချင်းချင်း စစ်ခင်းတိုက်ခိုက်နေကြရသည်ကို တွေ့ရသည်။ ယင်းကဲ့သို့ လက်နက်ချင်းပြိုင် အနိုင်လုပွဲတွင်၊ မွန်အမျိုးသားတို့ စစ်အောင်နိုင်သောအခါ စစ်အောင်ပွဲခံလေ့ရှိရာ၊ စစ်အောင်ပွဲအခမ်းအနားတွင်၊ ဤ"လှော်ကွိုင်မှ္ဂိ"ခေါ်"အောင်ပွဲတော်ခံ" အကဖြင့် အောင်ပွဲခံလေ့ရှိသည်။

ယင်းအောင်ပွဲတွင် အောင်စည်အောင်မောင်းကို "ဗါတ်ကိုင်" ခေါ် "လခြမ်း" စစ်ခရာနှင့်အတူ တီးမှုတ် ကပြကြကြောင်း–"တက်ဖ်မန်ဒိုင်၊ ဗါတ်ကိုင်သိုခရာ" ဟူသောရှေးဟောင်းစာပေက ဖေါ်ပြထားပေသည်။

(တက်ဖ်=အောင်စည်တီးသည်၊ မန်ဒိုင်=မွန်ဒိုင်၊ ဗါတ်ကိုင်=လခြမ်း၊ သိုခရာ=စစ်ခရာနှင့်အတူ။) မွန်ဒိုင်တို့သည် လခြမ်း၊ စစ်ခရာနှင့်အတူအောင်စည်တီးသည်ဟု ဆိုလိုပါသည်။

၃။ **ကပြသည့်အချိန်။** စစ်အောင်ပွဲတွင် ကပြလေ့ရှိသည်၊ ယခုအခါ မင်္ဂလာအောင်ပွဲအခမ်းအနားနှင့်နိုင်ငံတော်၏နေ့ထူးနေ့မြတ်များတွင် ကပြလေ့ရှိသည်။ မွန်ပြည်နယ်ရရှိသည်ကို အကြောင်းပြု၍၊ မင်္ဂလာယူသောအားဖြင့်–ဤ(၂၈) နှစ်မြောက်ပြည်ထောင်စုနေ့တွင် ကပြခြင်းဖြစ်ပါသည်။

## ☆ ဒွက် - လေ့ကျင့်မှု ☆

၁။ အနာင်အံင်ရေင်၊ (ခဇောင်ကျော်ပြာန်)၂၊ (မိထာန်စမ္မာ)၂။
(စမ္ပါသန်ထပ်)၊၂ (တပ်သွပ်ဇီသွာ၊ သရဖ°အို)၂။
(မှုဇုက်မှုဆု၊ ထိုက်အဠှုဒမုင်၊ ကျော်ကြုင်မလို့)။
လို့မောပ်ထွော၊ (ညုံင်ဘုံလွှိမာန်၊ ဥဒ္ဒျာန်ဒေဝါ)။ ။

၂။ × × ဂကူဝံသ၊ ခါရကောံပောင်၊ တွေင်ပိသေသာ။
× × ဍုင်မန်မံက်တိုန် × × နွံပိုန်တသိုက်၊ ဂွံယိုက်ဒိုက်လပ်။
ဇ္ဇော်မောပ်ဒှ်မှု × × သေ္ဘပ်ဇိုဂြုဂြု၊ တုပ်ဇိုသ္ကင်သပ်။
ရမျာင်တန္တုပ်၊ ညုံင်သွပ်တာဝတိ ၊ လပိုင်ပ္ဍဲအာကာ။ ။

၃။ မန်တံဂွံဍုင်၊ စိုတ်သ္ဍုင်မြပ်မြံ၊ ညုံင်ရပုဏ္ဏမာ။
ပရိုတ်ပိုညိသာ၊ အာမွဲဂုင်ဍာန်၊ ဌာန်မွဲဌာန။
တင်ဂုဏ်ကွဲရ၊ မသစွးမန်၊ ကောန်ရးမည။
ဂုဏ်ကလောဂမှိုင်၊ ဗိုင်ရှိဗင်ကို၊ ဇွံသိုမတ္တော။ ။

၄။ ယွံလေပ်သဟာဲတံ၊ ဌာန်ဒှ်ဟွံ၊ ဗန်ကံညိသာ။
ပွန်ရးဒက်ဍုင်၊ သ္ဂုင်ပ္ကိုန်ကဆံင်၊ နူဒှ်ုင်ရှု။
ဍုင်ပြိုရးတ္ၚဲ၊ ဂုဏ်တိသုန္ဒရီ၊ ချိုဂတပ်ဂြုဂြု။
တးထောံဒမ္ၚ၊ ဂျဒ်ဒးကိုင်၊ လျုိင်ပိုသေင်ဟာ။ ။

၅။ ဂကောံဍုင်တ္ၚုရး၊ ဂွံဗုးဘဲပွန်၊ ဂွံတန်ကြိန်အာ။
လုက်လံသ္ဍုင်၊ ကောန်ဍုင်အရေင်တံ၊ တုံညးတုံအဲ။
နးဖဲသ္ၚလး၊ ဂွံယးညုံင်ပ္ဂောင်၊ ယေန်သ္ဂောင်မပြိ။
သီဒက်ညးအဲ၊ သ္ၚ ပ္တိုန်ဂြုဂြု၊ ကိုဖြုတန္တုပ်အာ။ ။

## ☆ အောင်ပွဲတော်ခံသီချင်း ☆

၁။ အနန်းပန်း၊ အင်ကြင်းပန်း၊ သဇင်ပန်း ခရေပန်း၊ ကုက္ကိုပန်း၊ စကားဝါပန်း၊ ရွှေရောင်တရုပ်စကားပန်းနှင့်ငွေရောင်တရုပ်စကားပန်း၊ ဆိတ်ဖလူးပန်း၊ သရဖီပန်း၊ ကံ့ကော်ပန်း၊ သခွပ်ပန်း မုလေးပန်းတို့သည် ဝေဝေဆာဆာဖြင့်စီရရီဆင့်ရရင့်ဖူးပွင့် လန်းဆန်း၍နေ၏၊ အချို့ဖူးအချို့ငုံနှင့်ပန်းပေါင်းစုံလှ၏၊ မွှေးရနံ့ကြိုင်လှိုင်ထုံသင်းနေ၏၊ တာဝတိံသာနတ်ဥယျာဉ်တမျှ သာယာလှ၏။

၂။ တိုင်းရင်းသား ဆွေမျိုးစုများ စုရုံးသော ယခုအခါသည် ကားထူးခြားလှပေသည်၊ မွန်ပြည်နယ်ပေါ်ထွန်းလာလေပြီဖြစ်၍ မွန်မြတ်လှသော မင်္ဂလာအခါတော်နေ့လည်းဖြစ်ပေသည်။ ဤပြည်ထောင်စုံနေ့ ပွဲသဘင်သည်ကား၊ အုတ်အော် သောင်းသောင်း၊ နတ်ဒေဝါအပေါင်း ခညောင်းသည့် တာဝတိံသာ နတ်သဘင်ပွဲတမျှ ခမ်းနားသိုက်မြိုက်ပါပေသည်။

၃။ မွန်တို့ပြည်နယ်ရရှိသောကြောင့် ပီတိစိတ်ဖြင့်နှစ်သိမ့်ကြည်နူးရွှင်မြူးကြသည့်မှာ လပြည့်စန်းပမာဖြစ်ပါပေသည်။ ဤသို့မွန်ပြည်နယ်ပေါ်ပေါက်လာရခြင်းသည်၊ ကျွန်ုပ်တို့တိုင်းရင်းသားအားလုံးညီညွတ်၍၊ စိတ်တူသဘောမျှကြသည့်ပြင်၊ တိုင်းရင်းသား ဆွေမျိုးစုအားလုံးက မေတ္တာထား၍၊ ဝိုင်းဝန်းကူညီကြသောကြောင့်ပင်ဖြစ်သည်။

၄။ အို… တိုင်းရင်းသားအပေါင်းတို့ ဤအချိန် ဤအခါမှအစပြု၍၊ ညီညွတ်ခြင်းအင်အားကို စုကြပါကုန်။ တိုင်းသစ်တည် ပြည်သစ်ဆောက်ရာတွင် မြင့်သည်ထက် မြင့် တင့်သည် ထက် တင့်အောင် မြင့်တင်ရန်နှင့်၊ ဝသုန္ဒရီ ဤမြေမဟီကြီး တုန်ဟီးလောက်အောင် အမှောင်ကိုခွင်း၍၊ အလင်းကို ဆောင်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်သာဖြစ်တော့သည်။

၅။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် ရန်အပေါင်းမှကင်းရှင်း၍ အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအားလုံး တို့၏ သာယာဝပြောရေးကို ဦး စား ပေး ဆောင်ရွက်ရင်း၊ မြင့်မြတ်လှသောတိုင်းရင်းသားအားလုံးတို့၏ ယဉ်ကျေးမှုအစစ်လူ့အမွေအနှစ်ကိုဆီမီးတန်ဆောင်ကဲ့သို့ထွန်းပြောင်လာစေရန် သူသူငါငါ ကြိုးစားအားထုတ်ကြပါစို့။ ။

## ❋ "သွာဒွက်" (စမားဂွက်) ❋
## ❋ မွန်နှစ်ပါးသွားအက ❋

◎ ◎ ◎ ◉

**နောက်ခံသမိုင်း။** "သွာဒွက်" ခေါ်၊ မွန်နှစ်ပါးသွားအကသည်၊ ရှေးက ဘုရင့်ရှေ့တော်မှောက်၌ ဖြေဖျော်ရသော အကမျိုးဖြစ်ပေသည်။

မြတ်စွာဘုရားမပွင့်မီ၊ သုဝဏ္ဏဘူမိ သထုံခေတ်ဦးကပင် စတင်ပေါ်ပေါက်လာသည်။ ဘုရင့်အား ချီးမြှောက်သော ဘုန်းတော်ဘွဲ့များကို၊ မင်းသားမင်းသမီးတို့က တပြန်စီသီဆိုရင်း ကပြကြသည်။ ဗုဒ္ဓသာသနာ ထွန်းကားလာသော နောက်ပိုင်းတွင် ဗုဒ္ဓဝင်-မဟာဝင် အမေးအဖြေများကို အသားပေး၍ သီဆိုကပြလာသည်။ ယင်းသည့်နောက် ဟံသာဝတီ ကောင်းစားသည့်-(၁၄) ရာစုနှစ်လောက်တွင်မူ၊ ဗုဒ္ဓဝင် မဟာဝင်ရိုးရိုးသာ မဟုတ်တော့ဘဲ၊ လောကုတ္တရာ ဆိုင်ရာကျင့်စဉ်များကို စကားတန်ဆာ ဆင်ကာ စကားထာဝှက်၍ အလေးအနက်သီဆိုရင်း ကပြလာကြပြန်သည်။

ခေတ်အဆက်ဆက်ပြောင်း၍၊ မွန်တို့ထီးသုဉ်းနန်းသုဉ်းဖြစ်လာသည့်နောက်ပိုင်းတွင်၊ ယင်းအကမျိုးသည် နန်းတွင်းမှမြို့၊ မြို့မှ ကျေးလက်သို့ တဖြည်းဖြည်းရောက်လာပြီး၊ စကားထာဝှက်၍ အလေးအနက်သီဆိုကပြကြရာမှ၊ ကျေးလက်အကြိုက်၊ အရွှန်းဟာသများ နောကာချစ်စကား၊ ကြိုက်စကားများ ပါဝင်သည့် သီချင်းမျိုးဖြင့် စကားနိုင်လုရင်း ယခုတိုင် သီဆိုကပြလျက် ရှိနေသေးသည်။ ။

## ★ တာလျှိုင်မွဲ – (တားလယိုင်မွဲ) ★
## မွန်တပင်တိုင်အက

၈ ၈ ၈ ၈

**နောက်ခံသမိုင်း။** ။မွန်အကများကို တတ်ကျွမ်းကြသောအနုပညာရှင်များထံမှ ကကြိုးကဟန်စုံလင်စွာသင်ယူထားသော အကြွင်းအကျန်အမျိုးသမီးတဦးသည်၊ ယင်းအနုပညာရှင်များ၏ ကိုယ်စား၊ အကမျိုးစုံလင်စွာကို တဦးတည်းကတာဝန်ယူ၍ ကပြရသည်၊ တဦးတည်းက တာဝန်ယူကပြရသောကြောင့်၊ ယင်းအကကို "တာလျှိုင်မွဲ" ဟုခေါ်သည်။ ကာလရွေ့လျောလာသောအခါ- "လှေဒယိုင်မွဲ" (လှေဒယိုင်မွဲ) တပင်တိုင်အကဟုခေါ်ကြသည်။

"တာလျှိုင်မွဲ" အကကို ရှေးမွန်ဘုရင်များလက်ထက်တွင် နန်းတွင်း၌ ဖျော်ဖြေကပြရသည်။ ယင်းအကကို မျိုးကောင်းနွယ်မွန်မှ ဆင်းသက်၍၊ အဆင်းကြော့ရှင်းသူ၊ သိမ်မွေ့သူဖြစ်ရမည့်အပြင်၊ ကကြိုးကဟန်မျိုးစုံကို တဖက်ကမ်းခတ်ကျွမ်းကျင်စွာ ကပြတတ်သူလှထိပ်ခေါင်တင် အမျိုးသမီးဖြစ်မှသာလျှင် ကပြခွင့်ရပေသည်။

မွန်တို့သည် မြေကြီးကိုမှီ၍ အသက်မွေးသူများဖြစ်ကြသည်။ မြေရိုင်းများကို လယ်ယာမြေဖြစ်လာစေရန် ဦးစွာမဦးချလုပ်ကိုင်ခဲ့သော "ဗာဇု-လဇု" (ဗဲ့ဇု-လဲ့ဇု) ခေါ် ဘိုးဘွားကျေးဇူးရှင်များအား မမေ့မလျော့စေရန် ဂုဏ်ပြုကပြသော ရိုးရာအကဖြစ်သည်။

ထို့ကြောင့်ပင် ယင်းကကြိုးများတွင် ဘိုးဘွား (ဗဲ့ဇု-လဲ့ဇု) များအား-ဂါရဝပြုဟန်၊ မြေဆီမြေသွာကိုစမ်းသပ်ဟန်၊ လယ်ထွန်ဟန်၊ ဆွမ်းအုပ်ပို့ဟန်စသည့် ကဟန်များပါဝင်နေပေသည်။

"တာလျှိုင်မွဲ" အက၏ တေးသွားမှာ၊ ကမ္ဘာတည်စတွင် ဇမ္ဗူ့သမြေပြင် အရွက်လေခတ်သံ၊ အကိုင်းချင်းပွတ်တိုက်သံ၊ အသီးကြွေကျသံ၊ လေမိုးတိုက်ခတ်သံများကို ဖေါ်ဆောင်ထားသည့်တီးကွက်များဖြစ်သည်။

## ★ ဒွက်-တာလျုိင်မွဲ = တာလယိုင်မွဲသီချင်း ★

* ◎ * ◎ *

(နူကိုကဝ်တော်တန်၊ ပိုဂကူပုန် တန်မွဲရအ်)၂ ကြဒ်ဳအိန်ထပ် ဂှ်လေဝ်ညးဟို၊ ကြဒ်ဳသွိတ် ဒ္ဓိတ်လေဝ်ညးဟို ။ ပွဲကိုလိခ်တြေ ကို၊ ဟိုလေဝ်ပိုဂွံမိင်၊ ပွဲကိုအရေဝ်တြေ ကို ဟိုလေဝ်ပိုဂွံမိင်၊ (× × လျး ဂေါဝ်ဆဒဲ ကျေဝ်လဒဲညိုင်ထဝ်)၂ (အသဝ်ကို့ုင်ညာတ် ဇ္ဇာပ်သာ် ခပ်သီ)၂ (နူကဝ်တန် ဟိုပုန်ရပိုဂွံမိင်၂)(ခပ်သီပူဂို တီဆိုဟွံမာန်)၂ × × စိုန်နွံအသဝ် (ယာံဟိုတွံအာ စက္ကဝါလေဝ်ဥန်)၂ (ခန်ဒေသဂှ် ဒးရးသန်- ညးတုအရှ်ရောင် သောင်ကိုရမာန်)၂ (သတ္တံလေဝ် ညာဏ်ဥန်၊ ဟိုဖန်ရောမာန်)၂ (ညးတုဗျာန်ရောင်.. သောင်ကိုရ မာန်)၂

× × × ယာံဟိုတွံအာ × × ယာံဟိုတွံအာ + + ပရေင်တမှာ+ ++ စက္ကဝါလေဝ်ဥန် +++ စက္ကဝါလေဝ်ဥန်၊ (ခန်ဒေသဂှ် ဒးရးသန် +++ညးတုအရှ်ရောင် သောင်ကိုရမာန်)၂ (××ယာံဟိုတွံအာ-ပ ရေင်တမှာ စက္ကဝါလေဝ်ဥန်)၂ ခန်ဒေသဂှ်ဒးရးသန် ညးတုအရှ် ရောင် သောင်ကိုရမာန်။

(ဂြိုင်ဂြိုင်ဒြ၊ဒြ၊ ဗရလပိုင်၊ ကွိင်ကွဳက်အခိုက်ကွာ၊ ကျာဂှ် လေဝ်ပိုက်လွ ိင်၊ ဂြိုင်ဂြိုင်ဒြ၊ဒြ၊၊ ဗြ၊ညိုင်တူရိယာ )၂ (ဒုံကွေ ရ ဟာ)၂ (ဒြ---တု ညးအဲ)ဂွေဲအာဇိုရုံင်ကွာ။

(အာခ္တံတာကျွ်ဒေသူဘဲ၊ ဂွေဲအာရောဇိုဟွံမာန်)၂ ညးတုကို ဂွံဗျာန် သောင်ကိုမာန်ရောင်။ ။

## ★ တာချိုင်မွဲ ''တာလယိုင်မွဲ''သီချင်း အဓိပ္ပါယ် ★

* * * * *

ကျွန်ုပ်တို့လူသားများသည် ကမ္ဘာဦးတည့်စကတည်းက တမျိုးတည်းသာဖြစ်သည်၊ ဗြဟ္မာ(၇)ဦး(သို့မဟုတ်)ကိုးဦးတို့မှ လူသားစတင်သည်ဟူ၍ ရှေးဟောင်းစာပေမှ တွေ့ရသည်၊ သက်ကြီးစကားမှလည်းကြားရသည်။ ကမ္ဘာဦးသူတို့၏ အဆင်းသည် တောက်ပ၍ ရွှေသားရုပ်သွင်နှယ်တင့်တယ်ပါပေသည်၊ မြင်တွေ့ရသရွေ့အရာခပ်သိမ်းမှာ သိမ်မွေ့နူးညံ့၍ ကျက်သရေမင်္ဂလာရှိလှပါပေသည်ဟု ပြောကြဆိုကြသည်ကို ကျွန်ုပ်တို့ကြားခဲ့ရသည်။ လူတိုင်းတွေ့မြင်ကြားသိရန်မတတ်နိုင်ကြပေ။ကမ္ဘာဦးသူတို့၏ ဖောတင့်သမျှကို လှစ်ဟပြောဆိုရေးသားရပါမူ စကြာဝဠာသာကျဉ်းမြောင်းပေမည်၊ ကုန်ဆုံးနိုင်ဘွယ်မရှိပါ။ ကမ္ဘာတည်စအခြေအနေသည် ထယ်ဝါခန့်ညားလှပါဘိ၏။ အဖြစ်အပျက်အမှန်ကိုမူရဟန္တာမှ သာရှင်းလင်းနိုင်ပေမည်၊ လူသားသတ္တဝါသည် ဉာဏ်အမြင်ကျဉ်းကြသေးသောကြောင့် ဝေဖန်ပိုင်းခြားခြင်းငှာမတတ်နိုင်သေးပေ။ အမှန်ကိုဆိုရပါလျှင် ရှေးပဝေဏီမှ ဖြစ်စဉ်သည်၊ ကျယ်ပြန့်ခန့်ထယ်၊ တင့်တယ်ခမ်းနား ထူးခြားထွေပြားလှသဖြင့် ထိုထိုသော အကြောင်းချင်းတကို ဈာန်ရပုဂ္ဂိုလ် ရဟန္တာမှသာ ရှင်းလင်းတင်ပြနိုင်ပေမည်။

တူရိယာသံသည် သာယာငြိမ့်ညောင်းလှ၏၊ ဇမ္ဗူ့သမြေပြင်ကိုလေခတ်သဖြင့် တဖြတ်ဖြတ်လှုပ်ရှားသံသည် ''ဂရိန်ဂရိန်ဂရဂရ'' ဖြင့်နွဲ့နုခသာ တူရိယာ တီးမှုတ်သံကဲ့သို့ သာယာလှသည်ဟုဆိုကြသည်။ ဤအဆိုမှန်ပါသလား၊ သူသူငါငါ သွားကြည့်ကြစမ်းပါ။

သွားရမည့်နေရာကား ဝေးလံလှသည်၊ စုရုံး၍သွားကြည့်ကြရန် မတတ်နိုင်ကြပေ၊ ဤအရာဟုတ်သည် မဟုတ်သည်ကို ဈာန်ရပုဂ္ဂိုလ်မှန်,ပုဂ္ဂိုလ်မြတ်တို့မှသာ ရှင်းလင်းတင်ပြနိုင်ပေမည်။

သွှင်ခဉ်ဖြူ • ( စဘင်ခဒိုက်ဇွဲ )

## ● ညောင်ရေသွန်းယိမ်း ●

● ● ● ◎ ◎

နောက်ခံသမိုင်း။ ။မွန်လူမျိုးများသည် သုဝဏ္ဏဘုမ္မိသထုံပြည်သို့-ဗုဒ္ဓကိုးကွယ်မှု အယူဝါဒရောက်ရှိသည့် အချိန်မှစ၍၊ ဗုဒ္ဓမြတ်စွာကိုရည်စူးပြီး၊ ရုပ်ထု၊ ဆင်းထု၊ စေတီပုထိုးများကို တည်ထားကိုးကွယ်ခဲ့ကြသည်၊ ဘုရားပွင့်တော်မူရာ ဗောဓိညောင်ကိုလည်း အမြတ်တနိုးထား၍ ကိုးကွယ်ခဲ့သည်။ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူသည့် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ် အဖြစ်သတ်မှတ်ပြီး၊ ရုပ်ထု၊ ဆင်းထု၊ စေတီပုထိုးများကို ရေသပ္ပါယ်ခြင်း၊ ပန်းနံ့သာ အမွှေးအထုံတို့ဖြင့် ပက်ဖြန်းခြင်း၊ ဆီမီးပူဇော်ခြင်းကောင်းမှုကို ပြုကြသည်၊ ဗောဓိညောင်ကိုလည်း၊ အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းပက်ဖြန်းကြသည်။ ဤအလေ့အထမှာ ရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်မှ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ပိဋကတ်တော်ယူဆောင်ခဲ့သည့် ခရစ်နှစ်(၄၀၀) လောက်က စခဲ့သည်ဟု ခန့်မှန်းရပါသည်။

ကနဦး၌ သက်ကြီးရွယ်အိုတို့ကသာ ညောင်ရေသွန်းကြသော်လည်း နောင်အခါဆယ့်နှစ်ရာသီပွဲတော် အခမ်းအနား အဖြစ်ကျင်းပလာသည်။ ယင်းအခမ်းအနားတွင် သက်ကြီးရွယ်အိုသာမကတော့ဘဲ၊ အပျို,လူပျို,လူငယ်,လူရွယ်, ကာလသားသွေးပါမကျန် အတီးအမှုတ် အကအခုန်နှင့် အမွှေးအထုံနံ့သာရည်ဖြင့် ပြည့်သော ရေအိုးကိုယ်စီဖြင့်ခမ်းနားသိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုတိုင်ပင်ဖြစ်သည်။ ။

## ● မွန်ရိုးရာယဉ်ကျေးမှုအက ●

၀ ၀ ၀

ဦးဆောင်သူ ။ မွန်ယဉ်ကျေးမှုဖြစ်မြောက်ရေးဗဟိုကော်မီတီ
မွန်ပြည်နယ်။

စီစဉ်သူ ။ မော်လမြိုင်မြို့နယ်-ပါတီယူနစ်။

နည်းပြချုပ် ။ နိုင်ရွှေပြည် (အငြိမ်းစားဆရာကြီး)
ဇင်းကျိုက်ရွာ၊ ပေါင်မြို့နယ်။

သင်ပြသူ ။ နိုင်စံရှိန် (အထက်တန်း ပြဆရာ)
ရွာလွတ်ရွာ၊ ချောင်းဆုံမြို့နယ်။

ကပြသူ ။ မော်လမြိုင်၊ ဖါအံ၊ ကော့ကရိတ်မြို့နယ်မှ မွန်အမျိုးသားတဦးနှင့် မွန်အမျိုးသမီး (၃၄) ဦးပါဝင်သည်၊

တီးမှုတ်သူ ။ နိုင်ဘဝင်း ( နဲ ) ကော့ဂွန်းရွာ၊ ဖါးအံမြို့နယ်။
နိုင်ချွန်တော်(တရော) ကဒါ ။ ပေါင် ။
နိုင်ကံဇာ(မိကျောင်း)ဝက်လေး။ သံဖြူဇရပ် ။
မင်းထွန်းစိန်( ။ ) ရွာလွတ် ။ ချောင်းဆုံ ။
နိုင်ယိမ်(ပုလွေကြီး)ရောင်းဒေါင်း ။ မုဒုံ ။
မင်းခသောင်းမြိုင်( ။ )ရှင်စောပုရပ်။ ကျိုက်မရော
မင်းအေးလွင် (လခြမ်း) ဥတ္တတား။ ပေါင် ။
မင်းတင်မောင်လတ်(ပတ္တလား)နန်းခဲရပ်။သထုံ။
မင်းချစ်မောင်(ဗုံ-ပတ်မ)ကော့ဘိန်း ကော့ကရိတ်
မင်းဖေရှိန် (စည်းဝါး) ဝတ်ကြီးရွာ၊ ပေါင် ။

## ဿရုပ်ဆောင်သူများ။

| အမှတ်စဉ် | အမည် | နေရပ်လိပ်စာ |
| --- | --- | --- |
| ၁ | မင်းတင်လှိုင် | မော်လမြိုင်မြို့ |
| ၂ | မိယည်ယည်သန်း | ။ |
| ၃ | မိမိထွေး | ။ |
| ၄ | ။ လှမြင့် | ။ |
| ၅ | ။ အေးမြင့် | ။ |
| ၆ | ။ ခင်ငွေးမွန် | ။ |
| ၇ | ။ အေးရင် | ။ |
| ၈ | ။ ခင်လှမြင့် | ။ |
| ၉ | ။ စောခရီ | ။ |
| ၁၀ | ။ သန်းညွန့် | ။ |
| ၁၁ | ။ ထွေးမြင့် | ။ |
| ၁၂ | ။ နှင်းဆီ | ။ |
| ၁၃ | ။ လှရီ (၁) | ။ |
| ၁၄ | ။ ငွေသန်း | ။ |
| ၁၅ | ။ ခင်ဝမ်း | ။ |
| ၁၆ | ။ မေသန်း | ။ |
| ၁၇ | ။ တင်ရီ | ။ |
| ၁၈ | ။ ဖွားရှင် | ။ |
| ၁၉ | ။ မြင့်မြင့်သန်း | ။ |
| ၂၀ | ။ တင်တင်သန်း | ။ |
| ၂၁ | ။ ခင်မြို | ။ |
| ၂၂ | ။ နှင်းနှင်းချစ် | ။ |
| ၂၃ | ။ ညွန့်ညွန့်သန်း | ။ |
| ၂၄ | ။ အေးမြင့်လှိုင် | ။ |

## သရုပ်ဆောင်သူများ။

| အမှတ်စဉ် | အမည် | နေရပ်လိပ်စာ |
|---|---|---|
| ၂၇ | မိညိုသန်း | ဘားအံမြို့နယ် |
| ၂၆ | ,, စောကြည် | ,, |
| ၂၇ | ,, မြငွေ | ,, |
| ၂၈ | ,, ခင်ရွှေ | ,, |
| ၂၉ | ,, မြင့်ရီ | ,, |
| ၃၀ | ,, ခင်မေသန်း | ,, |
| ၃၁ | ,, စိန်ဝင်း | ဘားအံမြို့နယ် |
| ၃၂ | ,, လှရီ | ,, |
| ၃၃ | ,, ရင်ကြည် | ကော့ကရိတ်မြို့နယ် |
| ၃၄ | ,, တင်လှိုင် | ,, |
| ၃၅ | ,, ယုံကြည် | ,, |

ပါဝင်သရုပ်ဆောင်သူ မွန်အမျိုးသားတဦးနှင့်မွန်အမျိုးသမီး(၃၄)ဦး။
စုစုပေါင်း(၃၅)ဦး။

## * မွန်တူရိယာအကြောင်း သိကောင်းစရာ *

မွန်ရိုးရာ ယဉ်ကျေးမှုအကများတွင်၊ မိကျောင်း၊ လခြမ်း၊ လေးထောင်တရော၊ ဝါးပတ္တလား၊ နှဲ၊ ပုလွေကြီး၊ ပတ်မကြီး၊ လေးထောင်တရော၊ ဝါးပတ္တလား၊ နှဲ၊ ပုလွေကြီး၊ ပတ်မကြီး၊ ယင်းလုံးပတ်နှင့်စည်းဝါး တူရိယာများဖြင့် ပါဝင်တီးမှုတ်ပါသည်၊ ယင်းတူရိယာများအနက်၊ မိကျောင်း၊ လခြမ်း၊ ထောင်တရောမှာ ရှားပါးလှသော တူရိယာမျိုးဖြစ်၍၊ တီးခတ်ရာတွင် ခက်ခဲလှသောကြောင့် မွန်အမျိုးသားတို့ပင် ကျွမ်းကျင်စွာတီးခတ်တတ်သူနည်းပါးလှပေသည်။

ဤတူရိယာများကို ရှေးကပင် မွန်အမျိုးသားတို့ အသုံးပြုတီးမှုတ်ခဲ့ကြောင်းကို ရှေးဟောင်းစာပေမှ ဤသို့ ဖော်ပြထားပါသည်။

(စံင်ဂြဝ်သေဲကျာံ၊ ဝဒ်ါခရာ၊ ပေဝ်ခ္ဍေဝ်သ္ဂတ်၊ တ္ၚောတ်လေဝ်ၚွဲ)

စံင်= စောင်း၊ ဂြဝ် = တရော၊ သေဲ= လေမှုတ်တူရိယာ၊ ကျာံ= မိကျောင်း၊ ခရာ = ခရာ၊ ပေဝ်=နှဲ၊ ခ္ဍေဝ်=စည်း၊ တ္ၚောတ်=ပုလွေ လေဝ်ၚွဲ= နတ်ပုလွေ။

မိကျောင်း။ ။ကြိုးသုံးချောင်းတပ်တူရိယာဖြစ်၍၊ ပိုး(သို့မဟုတ်) ချည်ကြိုးကိုတပ်ပြီး၊ လက်ခတ်ဖြင့်တီးခတ်ရသည်။ မွန်အမျိုးသားတို့က မိကျောင်းကို "ကျာမ်"(ကျမ်း)ဟုခေါ်သည်။ ရဲဘက်တော်ဖြစ်သော ဥက္ကလာပမင်းကြီး၏ သားမင်းနန္ဒါသည်၊ မိကျောင်းဟိသံကိုတု၍ ငမိုးရိပ်မိကျောင်းကို ဂုဏ်ပြုသောအားဖြင့်၊မိကျောင်းပုံသဏ္ဌာန်တီထွင်တီးမှုတ်စေသည်ဟု သိရှိမှတ်သားခဲ့ရပါသည်။

ထောင်တရော။ ။ကြိုးသုံးချောင်းတပ်တူရိယာမျိုးဖြစ်၍၊ ပိုး(သို့မဟုတ်) ချည် ကြိုးကိုဘပ်ပြီး၊ မြင်းမြီးတပ်သည့်ဗိုးတံဖြင့်တီးရသည်၊ မွန်တို့က "ဂြဝ်"(ဂရော်) ဟုခေါ်သည်။

ဗါတ်ကိုင် (လခြမ်း)။ ။လခြမ်းသည်ကြေးတူရိယာတွင်ပါဝင်ပြီး မွန်အမျိုးသားတို့က "ဗါတ်ကိုင်"(ဗတ်ကိုင်း)ဟုခေါ်သည်။ စစ်အောင်ပွဲများတွင်၊ စစ်ခရာ၊ အောင်စည်အောင်မောင်းနှင့် အတူတီးရကြောင်း (တက်ဖ ံမန်ဒိုင်- ဗါတ်ကိုင်သီခရာ) ဟူသော ရှေးဟောင်းစာဆိုက ဖော်ပြပေသည်။

## ★ ဒွက် – အ္ဆင်ဗလိုပ်ဗြဲ ★

(စိုပ်ဂိတုပသာ်၊ ဗြဲဍာ်ယာယဳ၊ ဆေပ်လေပ်တ္ၚးဖ္ၚာင်။
ပ္ဍဲခါကညုင်)၂၊ ပ္ဍာင်မ္ဂိက်ရတ်၊ ကၠုတ်သ္ဂက်ကျာ်ဗြဲ။
(ဝုတ်ဗ္ၚဲတံသ္ဍုင်၊ ယိုန္ၚင်တုက်ဍာ်၊ ဗလိုပ်ကျာ်ဗြဲ။
ဍာန်သင်ပရဲ)၂၊ (နိဿ`ဇံသဇ်)၂၊ ဖျပ်စိုတ်ပ္ဍဲသင်။ ။

(ဩနၚဲတံဗိုပ်ပေါ၊ တ္ၚံညးအဲ၊ ပိုဖျေံမတ္တာ။)၂
(ဩမိဩယၚဲ ဩနၚဲတံကလင်)၂ (အယုက်ကိုဂၠိုင်၊ ပိုန်ကိုန္ဂံညိ)၂
ဗြိုင်ဗြိုင်ဗြုဗြု– ဩဗရက္ဂိုင်က္ဂိုက်၊ သိုက်သ္ၚိုင်ရဟာ။
ဗရက္ဂိုက်က္ဂိုင်၊ (သိုက်သ္ၚိုင်ရဟာ)၂ မိတ္ၚနန်ထဝ်။ ။

ဩ… မိဗ္ဂာ်ပိုန်ရလေပ်‥ နၚဲ– ဟ်ိုxx က္ဂိုက်က္ဂိုင်ဒေ္ယာ်…ဒယ္ယာ်
ကိုနၚဲ…ဩ‥နၚဲပိုရောင်။

ဤ၊..............-ပို ဏံလေပ်လေပ်လေပ်၊ ညံုင်ရဒေံတံ၊ ညံုင်ရမိတံကို၊
က္ဂိုက်က္ဂိုင်ဒေ္ယာ်ဒယ္ယာ်ကို‥နၚဲ‥ဩ‥နၚဲပိုရောင်။

(ဝုတ်ဗ္ၚဲတံမှာ xx တ္ၚံညးအဲတုက်ဍာ်ဗလိုပ်ကျာ်ဘာxx
သိုမိ သိုမ ဇုဇကၠာ)၂xx ဗလိုပ်ဟုမ်ဗြဲမောဝ်လ္ၚောဝ်ပူဇေ်။
(ပ္ဍာင်တိုင်ဇ္ဍောဝ် လ္ၚောဝ်ရပ်ဏာ)၂ ပတန်လဝ်စိတ္တာ၊ ပဒ
ကာဒါန်။ ။

## * ညှောင်ရေသွန်း-ယိမ်းအက *

* * * *

နွေရာသီ ကဆုန်လရောက်သော်၊ ရံဖန်ရံခါ လျှပ်စီးဝင်းလက်၍၊ မိုးရွာတတ်သည်၊ ဗုဒ္ဓမြတ်စွာအတွက် ပတ္တမြားပလ္လင်တော် ပေါ်ပေါက်သည့် သရာသီလည်းဖြစ်သည်။

အပျို၊ လူပျိုကာလသားသမီးတို့သည် ရေအိုးကိုယ်စီဖြင့်ရေကို ထမ်းရွက်ကာ၊ ဗောဓိညောင်တွင် ရေသွန်းလောင်းကြသည်။ မာန်မာနစိတ်ကို ချိုးနှိမ်၍ ထေရ်မြတ်သံဃာထံမှောက်သို့ သွားရောက်ဆည်းကပ်ကြသည်။

ပွဲကြည့်သူမိတ်ဆွေမောင်ဘွားများ တို့နားသောတဆင်ကြပါ၊ မိဘတို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အသက်ရှည် စေကြောင်းနှင့် စီးပွါးဥစ္စာ တိုးတက်စေကြောင်းကို၊ ကျွန်မတို့ဆုတောင်းပတ္ထနာ၊ မေတ္တာပို့သပါသည်။

မိဘသခင် ကျေးဇူးရှင်များအတွက်၊ "ဂရိန်ဂရိန် ဂရုဂရု" နွဲ့နှဲ့သော တူရိယာစုံတို့၏ ကျူးရင့်သံသည်၊ မြူးကြွသာယာပါဘိ၏၊ ရွှင်လန်းချမ်းမြေ့တော်မူကြပါစေ။

ကျွန်မတို့သည် မိဘမောင်ဘွားများအား၊ တီးမှုတ်ကခုန်၍ ကန်တော့ပန်းဆင်အပ်ပါသည်။

ကျား ..........။ ကျွန်တော်တို့လည်း ညီမများနည်း တူမိဘမောင်ဘွားများ အားတီးမှုတ်ကခုန်၍ ကန်တော့ပန်းဆင်ပါသည်။

ကာလသား၊ သမီးပျိုများသည် စိတ်ကောင်းစေတနာမွန်ဖြင့် ရေအိုးကိုယ်စီနှင့်ဘုရားကျောင်းကန်သွား၍ ဆေးကြောသုတ်သင်ကြသည်။ ဘုရားရေသပ္ပါယ်ကြသည်၊ ပန်းပေါင်းနံ့သာဖြန်းပက်ကြသည်၊ ဆီမီးပူဇော်ထွန်းညှိကြသည်၊ တန်းခွန်ကုက္ကား၊ မလေးပွါးများကို စိုက်ထူကြသည်၊ ဘိုးဘွား သက်ကြီး ရွယ်အိုများကို ရေကန်တော့ကြသည်၊ အလှူဒါနများကို စုပေါင်းပြုလုပ်ကြသည်။

## ★ ဒွက်-သိုင်ကောန် – သားချော့သီချင်း ★

(တေး‥တော်ထာံရ‥ဒိုင်‥ဒိုင်)၂ (ဒိုင်ဒိုင်ဓေံပို)၂--ဩ--ကွက်ဍွ°င ထဝ်ထာံရ---ပဝ်အာဒ္ဒံင်ခြေဝ်ခြေဝ်x+

ချိင်ထာင်ချိင်ထာင်ဏောင်ဂှ်တင်ပ်ဟိုx+x ကလင်ပါင်ဓိ၊ လျုိုင် တာနဲ့မိ--အရေစ်မန်လိမ်မန်-ယောန်သွာင်မန်ကိုလေဝ်++ မင်မွဲဂကျု မန်ရလေဝ်နဲ့ထား၊ သိုကေါန်ဍုင်အရေင်ကို၊ သိုတ္ဂိုရ်းဍုင်ဗမာ--ပ်ဟို+ ချိင်ဏောတ်ချိင်ဏောတ်-ဒိုကေါန်ဓောတ်ယာဲ၊ ဒတဲ့ဗိုဍုင်မန်၊ သို တ္ဂိုရ်းဍုင်ဗမာ၊ ဗညာနဲ့ပင်မှိင်၊ သိုင်ညိရကောန်။

(ယောန်သွာင်ပညာ– နှံကိုင်ရအခိုက်ကွာ)၂ ကိုင်လောန်အခိုက် ကွာနဲ့လွောတ်အာညို++(ညုံင်သွက်ံဇွော်မောဝ်အာ-ဂွဲအာဝ္ဂဲဂ တာ)၂-နဲ့ရောင်သဒးပ၊လှ°င်ညိရကောန်x+၊ ။

“ဒွက်-သိုင်ကောန်” သားချော့သီချင်း၊ မြန်မာပြန်။

✹ ● ✹ ✹ ● ✹

သားလှလှလေး – မယ့်ရွှေသွေး၊ ဟို…အဝေးဆီမှ ၄က် ကျားမှာ၊ သားမောင်ရဲ့ ၄က်ကျား မဟုတ်ပါလား၊ အော်--ရွှေဆွဲလွဲ- ဆွဲထားသဖြင့်ပျံလေတိုင်း “ခရင်း,ခရင်း” သံမြည်နေသည့်တကား. သားမောင်။

ပန်းနုယ်ဖွေးသည့်သားလေးမောင်မောင် “ချိန်နောင်ချိန်နောင်” မိခင်စကားနားဆင်ပါမောင်၊ သားမောင်သည် မွန်စကား၊ စာပေ ယဉ်ကျေးမှုနှင့်မွန်လူမျိုးကို လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင ငံနှင့်တိုင်းရင်းသားအားလုံးကိုလည်းကောင်း၊ စောင့်ရှောက်ရမည့် တာဝန်ရှိပေသည်။ “ချိန်ထာစ်ချိန်ထာစ်” အိုသားချစ်မောင်တွေး၊ မွန် ပြည်နယ်အကျိုးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံအကျိုးကို သယ်ပိုးရဦး မည်ဟု တွေးတောရင်း အိပ်ပျော်လိုက်ပါတော့မေ့သား။

မေ့သား၊ ယဉ်ကျေးမှုအနုပညာသည်ကျယ်ပြန့်လှ၏ တွေပြား များမြောင်လှသောယဉ်ကျေးမှုကိုလေ့လာပါ၊တိုးတက်ကြီးပွါးရန် ဆည်းပူးရင်းဆက်လက်ကြိုးစားရပေဦးမည်ဟု သတိမှာစွဲရင်းပျော် အောင်အိပ်လိုက်ပါတော့သားမောင်။

ဒွက်-ရမျာင်ဘိက်ပိုင်၊ သွ°င်ဍုင်မန်။

ဍုံင်ဍုင်မန် ကောန်ရးမညတံ၊ ဘိက်နိမန်ကဵု၊ နူကွ°ဗ္တာင်ဗ္စိုပ် ရေဝ်ပ္ဒဲင်ရးမန်သေင်ဟာ၊ ကျာ်ထေဝ်-သထိုံ-ကွ°ကလေင်-ဍုင် ပံင်-မဝ်မလိ မုဟ်ဍုင်-ကျာ်မြဟ်-ဖြပ်ဗုဓ-ဓါသ္ဒာင်-ဍုင်ရေဝ်လေဝ် ပါ××၊ ကျာ်နွံကိုဝေင် တွေင်နူတမှာ၊ ညံင်ဂွံဆိုဂွံမိုဟ်ထာ၊ သွေင်ရးမန် ကို သိုဂွံတိညာတ်အာ။

(ခါ်ရစိုပ်ကၠုင်ကွ°ဗ္တာင်၊ လုပ်ရုင်လုပ်မိုဂွံဆိုစက်စက္ဍ×။ ကျာ်မ္ဒလ္ဒ ကျာ်ကုံဗန် ကျာ်ရသိယိုဂိုမြဟ်အာ။ ဟလိုင်လဝ်ဓါတ်သောဲ်ကုာ×)၂ စက်သဗြာနွံတပ္ဍဲဍုင်ကွ°ကလေင်ရ၊ ကျာ်ကောလာသဒယှ်ပြာထော×× ဍုင်သုဝဏ္ဏဘုံ-ကျာ်နေက်ထဝ်၊ ကျာ်ဗဗင်မြ-နကြိယာ××၊ ပ္ဒဲင်ဍုင် ပံင်ပွန်-တန်ကျာ်မြနဝ်၊ ဂိုင်သဝ်ဂွံမိ-သေ္ဂံမိလ္ဂောဝ်ထာ၊ ကော်ကွ° မတ်တ္ဍ-ကြာဍုင်မဝ်မလိ၊ ချိချိညာတ်အာ၊ တ္ကံပဍ္ဍလိုင်ကိ၊ သိ တ္တံဍုင်ရေတ်ဗိုင်ဝိုင်လဝ်ကုာ။

ဇရေင်ဍုင်မတ်မလိ၊ ဗြဗြိကၠုင်အာ၊ ဍုင်ဓွောဝ်ရးမန်ကုာ၊ ကျာ် သင်လောန်၊ ကျာ်ဗ္ဒး××ကျာ်အသုက်၊ ကျာ်မုဟ်ပန်၊ ရန်တွံသာသ နာ ဓါလ္ဂိမသုန်ကုံ ခွံလဝ်ကုာ၊ ဗဒါဍုင်ဗိုင်ဗ္ဒိ-လဟ်ဂိုလဝ်တဏ္ဏသ္ဂိ ဘာလိုဟ်ဂွံတုပ်ဓါ၊ သိုအဏ္ဏဓါဗေဒ×+ နပညာညးတုညာတ်၊ စက် ပ္ဍာန်မုဟ်ပန်၊ ဗိပွန်ညိရန်သိုမေတ္တာ။

ကျာ်မြဟ်၊ တန်ဒြုပ်ပတ္တိမာ၊ မိစ်ဗုဇကာရာဇ်မြ ပြမြေင်ထာ၊ မုဟ်ဍုင် ကၠုင်စိုပ်ယံအခါ၊ ကုာဘင်ကၠာင်၊ ကျာ်ဘင်ဓွောဝ် လုပ် လ္ဂောဝ်ထာ၊ ကျာ်တုံဍောဝ် ဓွောဝ်ရနွံတမှာ၊ ကျာ်ရှိုဂို၊ ကျာ်ကကု် ဂိုမြဟ်အာ၊ လိုက်ဖြပ်ဗုလုပ်ဇုစက်စဲ၊ ဗိုင်ကွ°သွ°င်ဗိုင်ဝေင်ဍဲ်ကုာ ဘာအဏ္ဏဝါဓဗဒကို၊ သိုကျာ်ခမိ ဂွံလုပ်လ္ဂောဝ်ထာ။

ဍုင်ရေဝ်ပွန် ဗ္ဒာန်လဝ်တိုကုာ၊ ဒဒန်တွံ° နွံဗိုဟ်သ္ဍုင်ကုာ၊ ကျာ် ဓွေ ဗြဟ် ပ္ဒဲင်ဍုင်ရေဝ်ဂွံ နွံဂိုင်ဂွေင်လောန်ဍာန်တမှာ၊ ဂိုကျာ်ခမိ တုံ°သ္ဂေင်ရုင်အာ၊ ကွ°ဗိုင်တ္ကံဍုင်ညာတ်ကုာ၊ မင်ဗုဲမွဲ ကောန်ကု် ပွန် ဗ္ဒာန်လဝ်ဍုင်ဂွံ ယှုပြာထော၊ ကွတ်စက် ကွတ်တဲ ကလောန်အပ္ဍဲ သိုကုာ၊ ညံင်ဂွံဆိုအာ၊ ဒွဲဗိုဟ်သာယျာ၊ ဍာန်ပိုမန်မှာ၊ ဂွံကောဝ်မြ ဍုာ ကၠုင်မွဲဝါညိကုာ။ ။

## ❋ မွန်ပြည်နယ်မှ ဘိတ်ခေါ်သံ ❋

❋ ❋ ❋ ❋

မွန်ပြည်နယ်ရှိ ရာမညသားတို့က ဘိတ်ကြားအပ်ပါသည်၊ မွန်ပြည်နယ်သည် စစ်တောင်းမှ ရေးအထိဖြစ်သည်။ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်နှင့်ရေးမြို့နယ်တို့ပါဝင်ပါသည်။ သမိုင်းဝင်ဘုရားများကိုဖူးရင်း၊ မွန်ပြည်နယ်ကို လေ့လာရင်း၊ တွေ့ဘူးမြင်ဘူးအောင် အလည်အပတ်လာကြပါ။

ကျိုက်ထို–စစ်တောင်းကိုရောက်လျှင် စက္ကူစက်ကိုဝင်ကြည့်ပါ၊ ကျိုက်ပေါလောဘုရား၊ အလံတရာဘုရားနှင့် ကျော်ကြားထင်ရှားသော ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားကိုဖူးရမည်၊ သကြားစက်မှာ ဘီးလင်းတွင်ရှိ၍ ကေလာသဘုရားမှာထင်ရှားသည်၊ သုဝဏ္ဏဘူမိ သထုံပြည်တွင် ရွှေစာရံနှင့် မြသပိတ်။ ပေါင်မြို့နယ်တွင်ဇင်းကျိုက်ဘုရားစသော သမိုင်းဝင်ဘုရားပေါင်းများစွာရှိသည် မုတ္တမမှ တဖက်ကမ်းကိုကူးလျှင်- ခေါင်းဆေးကျွန်းခေါ် "ပဥ္စလိုင်" နှင့်ရေပတ်ဝန်းနေသည့် ဘီလူးကျွန်းကိုရေးရေးမြင်ရမည်။

မော်လမြိုင်မြို့သည် မွန်ပြည်နယ်၏ မြို့တော်ကြီးဖြစ်၍ သွားလာဝင်ထွက်သူများလှသည်၊ ကျိုက်သန်လန်၊ ကျိုက်ဖနဲ၊ ကျိုက်အသုတ်၊ ကျိုက်မုပွန်၊ သာသနာနှစ်ထောင်ငါးရာနှင့်သမိုင်းဝင်ဘုရားပေါင်းများစွာ၊ တောင်ထိုထိုတွင်ကြည်ညိုစဖွယ်ဖူးရမည်။ တောင်ခြေရင်းတွင် အဏ္ဏဝါဇီဝဗေဒပညာပါသင်ကြားနိုင်သောကောလိပ်ကျောင်းကြီးတည်ရှိသည်။ မုပွန်တွင်-ပန်းကန်စက်ရှိသည်၊ လေ့လာရန် လာကြပါ။

ကျိုက်မရောတွင် ကျိုက်မရောရုပ်ပွါးတော်ရှိ၏ ဘုရင်မရှင်စောပုပြုပြင်မွမ်းမံထားသည်၊ ထင်ရှားလှသည်၊ ဆုတောင်းပြည့်သည်၊ မုဒုံရောက်သောအခါ ဘင်လိုင်ကန်၊ ကန်ကြီး၊ ရိုးကို၊ ငါးပျံတောင်၊ ကျိုက်ကမော့စသော ဘုရားများကိုလည်းဝင်ဖူးပါ။ သံဖြူဇရပ်ရောက်လျှင် ကျိုက္ခမိဘုရားကို အရင်ဝင်ဖူးပြီး၊ စက်စဲကမ်းသာတွင် အနားယူရင်းရေကူးပါ၊ အဏ္ဏဝါဇီဝဗေဒကျောင်းကြီးလည်းရှိပါသည်။

ရေးမြို့သစ်တည်ထားသည်၊ တံတားသစ်လည်းတောင်ဘက်တွင်ရှိသည်၊ ဖူးစရာရှေးဟောင်းဘုရားများမြို့တွင်း၌ အနှံ့အပြားရှိသည်၊ ကျိုက္ခမိမှ မျှော်ကြည့်လျှင် ဘီလူးကျွန်းကိုတွေ့ရမည်၊ ကွန်ကမော့ခေါ် လုလင်ပျိုက [illegible]တည်ထားသည်ဟု ဆိုကြသည်။ အိမ်တွင်းစက်မှု, လက်မှုပညာ ထွန်းကားရာဌာန ဖြစ်သည်။ သာယာချမ်းလှသော၊ မွန်ပြည်နယ်သို့ အနားယူလေ့လာရန်နှင့် မိတ်ဖွဲ့ရန် တခါတခေါက် အလည်လာရောက်ကြပါဟု ဘိတ်ခေါ်ပါသည်။ ။

## ★ "ဒွက်-လှ်ေပါတ်ကိုင်" ★

တြိရတနံ…အဟံ--ဝန္ဒါမိ။ (ဖျေကို့ပ်သိရသာ)၂ ဂုရုအာစာ-ဍုံသ္ဒာညိရလေင်အဲ….။

မြေက္ကသိုမ်က်ဆတဲ၊ တြ---နဲဗိုသ္ဒိင်တြေံ၊ ခပ်သီဝေင်ပေါ်။

ဂှေဲတိုန်ဗြိပ်စ္ဍော် (ဍိုက်ဗျေံဂါပ်စိင်)၂ ကွတ်သ္ဒိင်ကောန်တ္ၚ။

မွဲ၊ ဓါ၊ ပိ၊ xxသတ္တိကိုန္ဒ်-ကုမ္ဘာန်(ယက္ခ-ဂန္ဓဗ္ဗ၊နာဂ၊ သ္ဒဳဂပပ်)၂ (ဗိုပ္ဍာန်အိန္ဒြိ)၂ xxဝေဒယန္တဝ်။ ကုမ္ဘာန်ယက္ခ(သ္ဒဳအိန်သ္ဒဝ်တြဲ၊ တြဗ္ဒးသ္ဒိုင်အသူ)၂ တိုန်ပ္ဍာန်(စ္ဍော်ပ္ဍာန် သေ္တံမာန်အခ-တြံသ္ဒာအာစာနဲ)၂ မွဲလေင်ဟွံတုပ်ဓါ)၂ ရာဇာမိရာဇ်-ဥကရာတ်မန်။

(ရာဇာ-ရာဇာ-ရာဇာမိရာဇ်ဥကရာတ်ပိုဇန်xxမွဲ-ဓါ-ပိ)ဇ္ဍော် လောန်ဂုံင်ဆတဲ၊ ကျာ်တြီနဲမန်၊ လောန်ကျုင်အခါ၊ တမ္ဂုဂွံမိင်xx ဍိုက်ဗျေံဂါပ်စိင်-ကွတ်သ္ဒိင်ကောန်တ္ၚ၊ ဝေင်တ္ၚအောန်ဗြိင်၊ သိုဓဗ ဒင်ဟောရာ။ „ ။

လဩမ်းအကာသီချင်း-မြန်မာပြန်၊

ကျွန်ုပ်သည် ရတနာသုံးပါးနှင့်ဆရာမိဘများအားဦးထိပ်ထား၍ ရှိခိုးပါ၏၊ ကူညီစောင်မတော်မူပါ။ ခပ်သိမ်းသော ရှေးမင်းမြတ်တို့သည် ရာသီပွဲတော်များကို ကျင်းပလေ့ရှိသည်။ ပြာသိုလရောက်လျှင်၊ မင်းညီမင်းသားသူရဲကောင်းများတို့က၊ စစ်ချီစစ်တက်၊တပ်ဆုတ်တပ်ရုပ်၊ဒါးခုတ်လှံထိုးစသော ဆင်ခင်း၊မြင်းခင်းသဘင်ကို ပြသကြသည်။

တစ် နှစ် သုံး-သတ္တိရှိကြပါစေ၊ ဝေဇယန္တာခန်း ပြသာဒ်သခင် အရှင်သိကြားမင်းသည် စစ်ဆင်စစ်တက်တွင် ကျွမ်းကျင်၏၊ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ စစ်တပ်များနှင့်တကွ အသူရာစစ်ကို အောင်မြင်တော်မူသည်။ ဤနည်းတူ စစ်ဆင်၊ စစ်တက်၊ စစ်ဆုတ် စစ်သိမ်းများတွင် သူမတူအောင်ကျွမ်းကျင်သော အာဇာနည်မင်းကောင်းကား ဘုရင်ရာဇာမိရာဇ်ဖြစ်သည်။

ရာဇာမိရာဇ်သည် ကျွန်ုပ်တို့၏ဟံသာဝတီပြည့်ရှင် မွန်ဘုရင် ဖြစ်သည်xxဆင်စီး မြင်းရုံ၊ ဒါးလှံလေးမြား၊ ဒိုင်းလွှားကာအတတ် များတွင် တဖက်ကမ်းခတ်သည်။ဗေဒင်ပညာလည်းကျွမ်းကျင်သည် လွန်ခဲ့သည့်တခေတ်က ကျက်သရေမင်္ဂလာ၊ တန်ခိုးတေဇာနှင့်ပြည့် စုံသည့် ဘုရင်တပါးဖြစ်ခဲ့သည်။ ။

## ✻ ဒွက်–ရမျာင်ဘိက်ဿုင်၊ ကၠုင်ဝေင်ကွာန်မန် ✻

ယွံသဟာဲတံ-ကလောတံကၠုင်အာ၊ လုပ်ကၠာညိကွာန်ပိုသ္ဂိမန်၊ ညးကော်ာန်ပ္ဍန် လွှေင်ခန်ဂူဗှ၊ ဇွှံမသွက်ဂွံရမ် န္ဒုက်ုစေတနာ၊ သွက်ဍုင်ဇ္ဍော်ရမ်၊ န္ဒုက်ုစေတနာ နဲဒတံကၠုင်အာညိ။

ပဲ္ဍောန်ဂှ်ပ္ဍန်ရ၊ ကွတ်တဲတြေ ခပ်သိဂွံညာတ်အာ၊ စေတီဇ္ဍော် လွှေင်ငိရိုဟ်ပ္ဍန်၊ ခန်ကိုခန်ကျာ် ဘာလ္ဂိမာန်၊ ညးတုဒါန်ပ္ဍဲလဝ်ကု သိုး–သွက်မင်ဖိုဲ ကြဂွံဍုင်နိဗ္ဗာန်။ ညးတုဒါန် ပ္ဍဲလဝ်ဂွံညာတ်× ညး ကွာ်တရ်- သွက်ဂွံဗိုဂှ်၊ ဇွှအနာနာ ဒေသမ္ဂုံယှု- အိန္ဒြကွာန်အဟာမ်၊ ဒှ်တံမူလ၊ ထိုဆဒ္ဒန်ရ၊ ဩအာဝေင်ညိအဲ။

ဘာဟ-တိုဲ၊ ဍွံကေၝ၊ ကွာန်ဟအောန်- ညးကော်ာန်ဇုဂှ်၊ နဲဒတံ ကၠုင်ဇူမာန်ကိုရ၊ ဟ-ယျး,ကြုင်ဘာ,ပမာဂှ်ကို၊ နဲဒတံပြုဝေင်အိုတ် ညိအဲ။ ကြဂွံကော်ပြ နဲဒက်မိတ်၊ ဒှ်သ္ဒိတ်ယေဥ်သ္ဂောင် – နဲဒတံကၠုင် မာန်ကို။

ဟိုတ်ဇာတပှင်၊ ကော်ဟပှင်၊ ဟိုတ်မိထဝ်အံင်၊ ကော်ထိုင်အိုင် ကၠုင်ဝေင်အိုတ်ညိအဲ။ ဝေင်ကဝေင်ဍုဂ် ဂိုင်ညာတ်ဂွံဆို၊ သဘင်ပေါ တြ၊ ကြကအ်ဘိန်ကို၊ သိုကွာန်ကာန်နီ၊ ပိုစှ်မံင်ရအဲ။ ။

## " မွန်ကျေးရွာမှ ဘိတ်ခေါ်သံ "

အို-မိတ်သဟာအပေါင်းတို့ မွန်ရွာ၊ မွန်အိမ်သို့အလည်လာကြပါ၊ ကိုင်း, လယ်များကို တပြည်လုံးအတွက် ရိက္ခာအလို့ငှာ စေတနာအပြည့်ထား၍ လုပ် ကိုင်နေကြပါသည်။

မွန်တို့ဒေသမှ ရှေးရိုးအိမ်တွင်းမှုပညာများ၊ မင်ဖိုလီနိဗ္ဗာန်ကိုရည်၍တည်၊ ထားသော စေတီ၊ပုထိုး၊ ကျောင်းအဆောက်အဦးကြီးများပေါလှသည်၊ ခရီး သွားရင်း တည်းခိုနားနေရန် အတွက် – အိန္ဒြ - စသော ရှေးရွာကြီးရှိသည်၊ ဆဒ္ဒန်ဂူကိုလည်းအံ့ဘွယ်တွေ့ရပါသည်။

ဖက်ကတာ၊ ကော့ဂွန်း၊ ဇအုန်၊ ခရား၊ ကြုံဘဲ၊ စသောရွာကြီးကား၊ အဓိ ကအားဖြင့် လယ်ကိုင်းလုပ်ကြသည်၊ သူငယ်ချင်းဖွဲ့ရင်း ကိုင်းလက်ဆောင်များ လာယူလှည့်ပါ။

ဇာတ,ခေါ်ရွှေကျင်သည်ကိုရည်၍ ဇာသ-ပြင်ဟူ၍လည်းကောင်း၊ မိထော အောင်ကိုစွဲ၍ ထုံးအိုင်ဟူ၍လည်းကောင်း ခေါ်သည်၊ "ပေါတြ"ခေါ် လေ ပွဲသဘင်အကြီးအကျယ် ကျင်းပရာဌာနဖြစ်သည်။ ကော့ဘိန်းနှင့်ကန်းနီရွာကို ဝင်ရန်လည်းမမေ့ပါနှင့်၊ ကြို့ဆိုနေပါမည်။ ။